International Labour Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၇။ လူငယ်အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းသော အလုပ်အကိုင်အခွင့်အလမ်းများ

ယခုသင်ခန်းစာသည် ငယ်ရွယ်သော လူငယ်အလုပ်သမားများအား အလုပ်သမားရေးရာဥပဒေများက လုပ်ငန်းခွင်လုံခြုံရေး၊ အလုပ်အကိုင်တို့နှင့်ပတ်သက်၍ မည်ကဲ့သို့လုံခြုံသောနည်းလမ်းများဖြင့် ပံ့ပိုးပေးနေသည်ကို နားလည်စေလိမ့်မည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု** – အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၇) လူငယ်အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းသော အလုပ်အကိုင်အခွင့်အလမ်းများ။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် ILO တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများ ထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံးအဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – © မေကိုနိုင်/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လွဲကေခိုင်၊ စောဆာကပေါ၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)” (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်”(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံ အစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမား ပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)” (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ

**သင်ခန်းစာ ၁**

ဘေးအန္တရာယ်ကင်းရှင်းရေး ...................................................................... ၁

**သင်ခန်းစာ ၂**

လေ့လာရခြင်း၏ရည်ရွယ်ချက်များ ............................................................ ၃

**သင်ခန်းစာ ၃**

ဥပဒေအရ အကာအကွယ်ပေးထားမှု ......................................................... ၄

**သင်ခန်းစာ ၄**

ဘေးကင်းလုံခြုံပြီး အကျိုးဖြစ်ထွန်းစေသောအလုပ်အတွက် လိုအပ်မှု ............... ၆

**သင်ခန်းစာ ၅**

အလုပ်အကိုင်ဖန်တီးမှုအတွက် မရှိမဖြစ်လိုအပ်သောအရာများ. ....................... ၉

**သင်ခန်းစာ ၆**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ............................................................ ၁၁

**သင်ခန်းစာ ၇**

အနှစ်ချုပ် ................................................................................................ ၁၃


**နောက်ဆက်တွဲ အဖြေများ** .......................................................... ၁၅


သင်ခန်းစာ ၁/၇

## ဘေးအန္တရာယ်ကင်းရှင်းရေး

ဖိုးဝ၊ နှိုးနှိုး နဲ့ မိုဟာမက်တို့က ကလေးအလုပ်သမားအရေးငြင်းခုံနေကြပါတယ်။

ဘာတွေငြင်းခုံနေလဲဆိုတာသိဖို့ ကြည့်ရှုပါ။






**နိုးနိုး၊ မိုဟာမတ် နှင့် ဖိုးဝတို့ပြောတာတွေကို သဘောတူပါသလား။**

သင်ခန်းစာ ၂/၇

# လေ့လာရခြင်း၏ရည်ရွယ်ချက်များ



ကျေးရွာနှင့် မြို့များတွင် နေထိုင်သည့် ကလေးတိုင်း ကလေးအလုပ်သမားခိုင်းစေခံရခြင်းအရေးမှ အကာအကွယ်ပေးခံရသင့်ပါသည်။ အထူးသဖြင့် လူငယ်အလုပ်သမားများက ဘေးအန္တရာယ်ကင်းသော လုပ်ငန်းခွင်များကို ပိုမိုလိုအပ်ပါသည်။ ယခုသင်ခန်းစာက

- အလုပ်သမားရေးရာဥပဒေက လူငယ်အလုပ်သမားများကို မည်သို့အကာအကွယ်ပေးသည်ကို နားလည် သဘောပေါက်စေလိမ့်မည်။
- အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လူငယ်အလုပ်သမားများကို ခန့်အပ်ထားသော လုပ်ငန်းရှင်များ၏ တာဝန်များကို သိရှိစေနိုင်ပါမည်။
- လူငယ်အလုပ်သမားများအတွက် ဘေးကင်းပြီး အကျိုးဖြစ်ထွန်းသော အလုပ်အကိုင်အခွင့်အလမ်းများ၏ အရေးပါပုံကို သိရှိစေနိုင်ပါမည်။
- လူငယ်အလုပ်သမားများအတွက် အလုပ်အကိုင်ဖန်တီးမှုနှင့် စီးပွါးရေးဆိုင်ရာလုပ်ပိုင်ခွင့်ပေးမှုတွင် စိန်ခေါ်မှုများကို နားလည်စေနိုင်ပါမည်။

**မှတ်ချက်။** ILO ပြဌာန်းချက်အမှတ် ၁၃၈ – အလုပ်လုပ်နိုင်သော အနိမ့်ဆုံးအသက် သတ်မှတ်ချက် အရ အသက် ၁၂ နှစ် သို့မဟုတ် ၁၃ နှစ်အရွယ် ကလေးများသည် ဘေးကင်းသောပတ် ဝန်းကျင်တွင် အရွယ်ရောက်ပြီးသူ၏ကြီးကြပ်မှုဖြင့်ပေ့ါပါးသော အလုပ်များကို လုပ်ကိုင်နိုင်ပါသည်။ ပေ့ါပါးသောအလုပ်ဆိုသည်မှာ အချိန်ပိုင်းအလုပ်(အလုပ်ချိန်အကန့်အသတ်ရှိ)ကို ဆိုလိုပါသည်။ ၄င်းလုပ်ငန်းခွင်သည် ဘေးကင်းရမည်ဖြစ်ပြီး ကလေး၏ ကျောင်းစာနှင့် နားချိန်အပေါ် ထိခိုက်မှု မရှိသင့်ပါ။ ပေ့ါပါးသောအလုပ်ဟု ယူဆရသော အလုပ်အမျိုးအစားများကို (အစိုးရ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများက) သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးရပါမည်။ ပေ့ါပါးသောအလုပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြဌာန်းချက်များ မရှိသေးပါ။
အသက် ၁၈ နှစ်အောက် ကလေးများအားလုံးအတွက် ဘေးအန္တရာယ်ရှိသော အလုပ်မှန်သမျှကို တားမြစ်ထားပါသည်။ မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် အနိမ့်ဆုံးအလုပ်လုပ်နိုင်သည့်အသက်သည် ၁၄ နှစ်ဖြစ်ပြီး ကလေးသူငယ်အခွင့်အရေး ဥပဒေ (၂၀၁၉) အရရော အိုင်အယ်လ်အို ပြဌာန်းချက် အမှတ် ၁၃၈ နှင့်အညီဖြစ်ပါသည်။

## စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။

သင်ခန်းစာ ၃/၇

# ဥပဒေအရ အကာအကွယ်ပေးထားမှု

## သင် သိပါသလား။

**မြန်မာနိုင်ငံ ဥပဒေက ကလေးများကို ကလေးအလုပ်သမားအရေးမှ မည်ကဲ့သို့ အကာအကွယ်ပေးပါသလဲ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — မြန်မာနိုင်ငံတွင် ဥပဒေအရ အသက် ၁၄ နှစ် အောက်ငယ်သော ကလေးများကို အလုပ်လုပ်ခွင့် မပြုပါ။
- ☐ ခ — ဥပဒေအရ ကလေးများသည် အလုပ်မလုပ်ခင် မသင်မနေရ မသင်မနေရ မူလတန်းအဆင့်ပညာရေးကို ပြီးဆုံးထားရန် လိုအပ်ပါသည်။
- ☐ ဂ — အသက် ၁၄ နှစ်အထက် ကလေးများသည် မသင်မနေရ မူလတန်းပညာရေး ပြီးဆုံးပါက ဘေးအန္တရာယ် ကင်းသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်နိုင်ပါသည်။
- ☐ ဃ — မသင်မနေရ မူလတန်းပညာရေးပြီးဆုံးထားသော အသက် ၁၄ နှစ်နှင့် ၁၇ နှစ်ကြား ကလေးများကသာ လူကြီးများကဲ့သို့ အလုပ်လုပ်နိုင်သည်။

## လူငယ်အလုပ်သမားများအား အလုပ်ခန့်ထားခြင်း

ယခုသင်ခန်းစာများတွင် လူငယ်အလုပ်သမားဟူသောဝေါဟာရဆိုသည်မှာ အသက် ၁၄ နှစ်နှင့် ၁၇ နှစ်ကြားရှိသော ကလေးများဖြစ်ပြီး ၎င်းတို့သည် အနည်းဆုံးအားဖြင့် မသင်မနေရမူလတန်းပညာရေးပြီးမြောက်ထားသူများဖြစ်ကာ ဥပဒေနှင့်အညီ အလုပ်လုပ်နေသူများကို ရည်ညွှန်းပါသည်။ ဥပဒေအရ ထိုလူငယ်အလုပ်သမားများအတွက် အောက်တွင်ဖော်ပြထားသည့်စာရင်းများအတိုင်း တိကျသောလိုအပ်ချက်များရှိသည်။ အချို့အချက်အလက်များသည် သင်ခန်းစာ (၁) တွင် ပါဝင်ပြီးဖြစ်ပါသည်။

၎င်းအကြောင်းအရာများကို အသေးစိတ်နားလည်ရန် လူငယ်အလုပ်သမားများနှင့်ပတ်သက်သော ဤလိုအပ်ချက်တစ်ခုချင်းစီကို ဖတ်ပါ။

## အလုပ်လုပ်ရန် ကြံ့ခိုင်မှုလုံလောက်ကြောင်းထောက်ခံချက်ရယူပါ

လုပ်ငန်းရှင်များသည် လူငယ်အလုပ်သမားများအနေဖြင့် အလုပ်လုပ်ရန် အမှန်တကယ် ကြံ့ခိုင်မှုပြည့်ဝ ကြောင်း ဆေးထောက်ခံစာ တောင်းယူရန် လိုအပ်ပါသည်။

## ဘေးဥပါဒ်အန္တရာယ်ရှိသောအလုပ်မှ ကာကွယ်ပေးပါ

လူငယ်အလုပ်သမားများအနေဖြင့် အလုပ်လုပ်နိုင်သော အလုပ်အမျိုးအစားများသည် အကန့်အသတ်ရှိပါသည်။ ဤသို့ကန့်သတ်ထားရခြင်းမှာ လူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပုံမှန် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ဆိုးကျိုးမသက်ရောက်စေရန်နှင့် ချက်ချင်းထိခိုက်နိုင်သည့် ဒဏ်ရာများနှင့် မတော်တဆမှုများမှ ကာကွယ်ပေးနိုင်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဘေးဥပါဒ်အန္တရာယ်ရှိသောလုပ်ငန်းခွင်စာရင်းအမျိုးအစားများကို စာရင်းပြုစု၊ ရေးဆွဲနေဆဲဖြစ်ပါသည်။

ကဏ္ဍအမျိုးမျိုးတွင် လူငယ်အလုပ်သမားများအား ပုံမှန်အားဖြင့် တားမြစ်ထားသော လုပ်ငန်းအမျိုးအစားများမှာ

- ညအချိန်တွင် အလုပ်လုပ်ခြင်း
- လူငယ်အလုပ်သမားများကို အဆိပ်အတောက်ဖြစ်စေနိုင်သော အရာများနှင့် ထိတွေ့လုပ်ရသည့်အလုပ်အမျိုးအစား
- လေးလံသော (သို့) အန္တရာယ်များသောစက်ကရိယာများကို အသုံးပြုရသော အလုပ်အမျိုးအစား
- ကျဉ်းမြောင်းလွန်းသော၊ မြင့်လွန်းသော၊ ရေအောက် နှင့် အပူချိန်လွန်ကဲသော လုပ်ငန်းခွင်များ ပါဝင်ပါသည်။

ဘေးဥပါဒ်အန္တရာယ်ရှိသော မူကြမ်းလုပ်ငန်းအမျိုးအစားရှိ ကဏ္ဍအမျိုးမျိုးနှင့် စက်မှုလုပ်ငန်းအားလုံးတို့သည် ထိခိုက်စေနိုင်ခြေမြင့်မားပြီး အန္တရာယ်များစွာရှိနေပါသည်။ ဝမ်းနည်းဖွယ်ရာမှာ အချို့သော အလုပ်အမျိုးအစားမှာ လူငယ်အလုပ်သမားများအတွက် ကလေးအလုပ်သမားမြင့်မားစွာလုပ်ဆောင်နေရပါသည်။ ဥပမာ – စိုက်ပျိုးရေး



ဆောက်လုပ်ရေးပစ္စည်းများ သယ်ဆောင်ထားသော ကလေးအလုပ်သမားနှစ်ဦး။ © Shutterstock

## လုပ်ငန်းလည်ပတ်မှုများကို ပုံမှန်စစ်ဆေးပါ

လုပ်ငန်းရှင်များအနေဖြင့် လူငယ်အလုပ်သမားများ မည်သည့်အလုပ်များကို လုပ်နိုင်သည်နှင့် မလုပ်သင့်သည်တို့ကို သိရှိနိုင်ရန် လုပ်ငန်းခွင်ကို ပုံမှန်စစ်ဆေးရပါမည်။ ဥပမာ အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းများဖြင့် အလုပ်လုပ်ကိုင်နေရသော လူငယ်အလုပ်သမားများ ဓာတုဗေဒပစ္စည်းများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ထိတွေ့နေခြင်း ရှိ၊ မရှိ အလုပ်ရှင်မှ သေချာစေရန် အမြဲစစ်ဆေးရပါမည်။ စစ်ဆေးရမည့် လုပ်ငန်းစဉ်များတွင် ဓာတုဗေဒပစ္စည်းများကို ကိုင်တွယ်ခြင်း (ဥပမာ – အသီးအနှံများကို ပိုးသတ်ဆေးဖြန်းခြင်း) နှင့် ထိုပစ္စည်းများအနားတွင် အလုပ်လုပ်ခြင်း (ဥပမာ – ပိုးသတ်ဆေးဖြန်းပြီးခါစ အသီးအနှံများကို ရိတ်သိမ်းခြင်း) ကဲ့သို့သော လုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။




'Implement'၊ 'Plan'၊ 'Improve' နှင့် 'Evaluate' စကားလုံးများ ထွင်းထားသော ဂီယာများ။ © Shutterstock



## လေ့လာမှုမှတ်တိုင်

မင်းမင်းသည် အသက် ၁၆ နှစ်ရှိပြီဖြစ်ပြီး မသင်မနေရ မူလတန်းပညာရေးကို ပြီးမြောက်ပြီးချိန်တွင် ကျောင်းဆက်မတက်တော့ပေ။

သူက အခု သံရည်ကြိုပြီး သန့်စင်တဲ့ စက်ရုံမှာ အလုပ်လုပ်နေပြီး လစာလည်း ကောင်းပါတယ်။ သူ့အလုပ်ရှင်က သံရည်ပူစင်တာနဲ့ ဂတ်စ်ပေါက်ကွဲတာတွေက ကာကွယ်ဖို့ မင်းမင်းကို အထူးဝတ်စုံနဲ့ မျက်မှန်တွေ ဆင်ပေးထားပါတယ်။ ရွာက ကာလသားခေါင်းဆောင်ကျော်ကျော်က ဒီလောက်နဲ့ မလုံလောက်ဘူးလို့ ခံစားနေရပါတယ်။

**ကျော်ကျော်က ဘယ်ဥပဒတွေနဲ့ မင်းမင်းကို ကာကွယ်ပေးနိုင်မလဲ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — မကာကွယ်နိုင်ပါဘူး။ ၁၆ နှစ်အရွယ် မင်းမင်းက တရားဝင် အလုပ်လုပ်နိုင်ပါတယ်။
- ☐ ခ — မကာကွယ်နိုင်ပါဘူး။ မင်းမင်းရဲ့ အလုပ်ရှင်က ဥပဒေအတိုင်း မင်းမင်းကို လိုအပ်တဲ့ အကာအကွယ်တွေ ထောက်ပံ့ပေးထားပါတယ်။
- ☐ ဂ — ကာကွယ်နိုင်ပါတယ်။ မြန်မာနိုင်ငံဥပဒေများအရ ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းခွင်များမှာ အလုပ်လုပ်ဖို့ မင်းမင်းအနေနဲ့ အနည်းဆုံး အသက် ၁၈ နှစ် ပြည့်ဖို့ လိုအပ်ပါတယ်။ အသက် ၁၆ နှစ်သာရှိသေးပြီး အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းမြောက်တဲ့ ဘေးဥပါဒ်အန္တရာယ်ရှိတဲ့အလုပ်တွေကို လုပ်နေရပါတယ်။

## ဘေးကင်းလုံခြုံတဲ့ အလုပ်ပတ်ဝန်းကျင်တစ်ခုတည်းက လူငယ်အလုပ်သမားတွေကို ကူညီပေးနိုင်မလား။

သင်ခန်းစာ ၄/၇

# ဘေးကင်းလုံခြုံပြီး အကျိုးဖြစ်ထွန်းစေသောအလုပ်အတွက် လိုအပ်မှု

## ကလေးတစ်ယောက်၏အမြင်

အသက် ၁၅ နှစ်နဲ့ ၁၇ နှစ်ကြား ကလေးတစ်ယောက်က သူ့အလုပ်ပတ်ဝန်းကျင်က ဘေးကင်းပြီး အကျိုးရှိစေတယ်ဆိုရင်တောင် ဘာလို့ အလုပ်လုပ်ချင်ရမှာလဲ။

မိုဟာမက်၊ ဖိုးဝနဲ့ နိုးနိုးတို့က သူတို့ရဲ့ ကလေးအမြင်ကနေ တင်ဆက်လိုက်ပါတယ်။




**စတင်လေ့လာဖို့အဆင်သင့်ဖြစ်ပြီလား။**

## စီးပွားရေးအတွက် အကျိုးကျေးဇူးများ

သူကတော့ အထည်ချုပ်စက်ရုံပိုင်ရှင် မောင်ဖြစ်ပါတယ်။ မောင်က ထွန်းလိုမျိုး လူငယ်အလုပ်သမားတွေကို သူ့စက်ရုံမှာ အလုပ်ခန့်ထားပါတယ်။ ထွန်းက အသက် ၁၅ နှစ် ရှိပါပြီ။



အပ်ချုပ်နေသော အမျိုးသမီးများ။ © Marcel Crozet/အိုင်အယ်လ်အို

မောင်က ထွန်းတို့လို လုငယ်အလုပ်သမားတွေ ကျောင်းတက်ချိန်ရဖို့နဲ့ စာတွေလိုက်နိုင်ဖို့ စက်ရုံမှာ တစ်နေ့ ၄နာရီထက် ပိုမလုပ်စေဖို့ ပုံမှန်စစ်ဆေးပါတယ်။ ထွန်းတို့လို လူငယ်အလုပ်သမားတွေက အနာဂတ်အတွက် ဝန်ထမ်းအင်အားဆိုတာ မောင်က နားလည်ပါတယ်။ မောင်က စီးပွါးရေးလုပ်ငန်းတွေအနေနဲ့ ထွန်းလို လူငယ်အလုပ်သမားတွေကို ကျန်းမာအောင်၊ ပညာတတ်အောင်၊ ကျွမ်းကျင်အောင် ရင်းနှီးမြုပ်နှံရင်

- တည်ငြိမ်ပြီး အရည်အသွေးပြည့်ဝတဲ့ အလုပ်သမားအင်အားထုကို ဆွဲဆောင် ထိန်းသိမ်းဖို့၊
- စွမ်းဆောင်ရည် မြင့်ပြီး၊ စီးပွါးရေး ပိုမိုတိုးတက်ဖို့
- အသိုင်းအဝိုင်းတွေနဲ့ ဈေးကွက်ထဲမှာ နာမည်ကောင်းရပြီး စီးပွါးရေးလည်ပတ်မှုပိုမိုကောင်းမွန်ကာ ဝင်ငွေတိုးဖို့ ပိုမို လွယ်ကူလိမ့်မယ်လို့ ခံယူထားပါတယ်။

**မှတ်ချက်။** မောင်က လူငယ်အလုပ်သမားတွေ အပေါ်  ရင်းနှီးမြှုပ်နှံတာက လူငယ်တွေနဲ့ ကလေးအတွက်သာ အကျိုးရှိရုံသာမက သူ့စီးပွားရေးအတွက်လည်း အကျိုးရှိလိမ့်မယ်လိုလည်းယုံကြည်ပါတယ်။

ထွန်းလိုမျိုး လူငယ်အလုပ်သမားတွေရဲ့ စွမ်းရည်ကို အပြည့်အဝနားလည်ဖို့ မောင်က ထွန်းကို ကျွမ်းကျင်သင်တန်းတွေ၊ စာပေနဲ့ ဂဏန်းသင်္ချာတွေ၊ ဘဝအတွက်တာနဲ့ သူတို့ရဲ့ ကျွမ်းကျင်မှုနဲ့ ဗဟုသုတတိုးတက်စေဖို့ လိုအပ်တဲ့ သင်တန်းတွေကိုလည်း ထောက်ပံ့ပေးထားပါတယ်။

ပြည်တွင်းအဖွဲ့အစည်းတွေ၊ လုပ်ငန်းခွင်စစ်ဆေးရေး အရာရှိတွေ၊ ဆေးပညာရှင်တွေနဲ့ အခြားအဖွဲ့အစည်းတွေကလည်း လူငယ်တွေအတွက် ကောင်းမွန်တဲ့ လုပ်ငန်းခွင်တစ်ခု ဖန်တီးနိုင်ဖို့ မောင်ကို ကူညီကြပါတယ်။ သူတို့က မောင့်ကို
- ဥပဒေအရနှင့် သင့်လျော်သော အလေ့အကျင့်များကို အကြံပေးခြင်း
- ကျောင်းပြင်ပ ပညာရေး ဥပမာ – ညကျောင်း ကို ပံ့ပိုးပေးရန် အလုပ်ရှင်များနှင့် ပူးပေါင်းခြင်း
- အလုပ်သမားများအဖွဲ့အစည်းနှင့် တွဲလုပ်ခြင်း အစရှိတဲ့ နည်းလမ်းတွေနဲ့ ကူညီနေကြပါတယ်။



## လေ့လာမှုမှတ်တိုင်

ထွန်းက ကျောင်းလည်းတက်လို့ရတယ့်အပြင် သူမရဲ့ မိသားစုအတွက် အပိုဝင်ငွေ ရှာနိုင်တော့မှာမို့တဲ့ ပျော်နေပါတယ်။
အောက်မှာဖော်ပြထားတဲ့ အကျိုးကျေးဇူးတွေကို လူငယ်အလုပ်သမား ထွန်းက ရတာလား။ အလုပ်ရှင် မောင်က ရတာလား။ ဖြေကြည့်ပေးပါဦး။ အကျိုးကျေးဇူးတွေကို သင့်လျော်တဲ့ ကွက်လပ်ထဲ ရွှေ့ပြီး ဖြည့်ပေးပါ။

(၁)
NFE ရယူပါ။

(၂)
ဈေးကွက်များအတွင်း
နာမည်ကောင်းများ ဖန်တီးပေးခြင်း

(၃)
တည်ငြိမ်ပြီး အရည်အသွေးပြည့်ဝတဲ့
လုပ်ငန်းခွင်တစ်ခု ဖန်တီးနိုင်မယ်။

(၄)
ဘဝအတွက်တာ ကျွမ်းကျင်မှု
သင်တန်းများ ကမ်းလှမ်းခြင်း

(က)
လုံခြုံတဲ့ အလုပ်ပတ်ဝန်းကျင်တစ်ခု၏
စီးပွားရေးအတွက် အကျိုးကျေးဇူးများ

(ခ)
ကလေးအလုပ်သမားများအတွက်
အကျိုးကျေးဇူးများ

## လူငယ်အလုပ်သမားကာကွယ်ရေးလမ်းညွှန်မြေပုံ

သင်သိသည့်အတိုင်း အသက် ၁၅ နှစ်နှင့် ၁၇ နှစ် ကြား လူငယ်အလုပ်သမားများကို ခန့်အပ်ရန်မှာ အထူးစဉ်းစားရန် လိုအပ်ပြီး ထိုအကြောင်းများကို လုပ်ငန်းရှင်များအား ရှင်းပြရသည်မှာ စိန်ခေါ်မှုတစ်ခုဖြစ်နိုင်ပါသည်။ လူငယ်အလုပ်သမားကာကွယ်ရေး လမ်းညွှန်မြေပုံသည် လူငယ်အလုပ်သမားများကို ခန့်အပ်ရာတွင် လိုအပ်ချက်များနှင့် အကြံပြုချက်များကို အကျဉ်းချုံးဖော်ပြထားသည့် လမ်းညွှန်မြေပုံတစ်ခု ဖြစ်သည့်အပြင် ထိုကဲ့သို့သော လုပ်ငန်းခွင်အစီအစဉ်များကို အကောင်းဆုံး ပံ့ပိုးပေးနိုင်ရန်အတွက် အကြံပြုချက်များကို ပေးဆောင်သည့် အကောင်းဆုံးကိရိယာတစ်ခုဖြစ်သည်။




**လူငယ်အလုပ်သမားများသည် ၎င်းတို့၏အခွင့်အရေးများကို နားလည်သဘောပေါက်ထားသင့်ပါသည်။**

# စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း

စုပေါင်းညှိနှိုင်းဆွေးနွေးခြင်းသည် အခြေခံအခွင့်အရေးဖြစ်ပြီး 1998 ILO Convention Right to Organize and Collective Bargaining Convention, 1949 (No. 98) တွင် ထပ်မံအတည်ပြုထားပါသည်။ ယင်းသည် အိုင်အယ်လ်အို၏ အခြေခံသဘောတူစာချုပ်များထဲမှတစ်ခုဖြစ်ပါသည်။

သဘောတူညီချက်ရရန် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်းသည် အလုပ်ရှင်များ၊ အဖွဲ့အစည်းများနှင့် အလုပ်သမားသမဂ္ဂများအကြား

- သင့်တင့်မျှတသော လုပ်ခလစာနှင့် လုပ်ငန်းခွင်အခြေအနေများ တည်ဆောက်ခြင်း
- ကောင်းမွန်သော အလုပ်သမားဆက်ဆံရေးအတွက် အခြေခံများကို ပံ့ပိုးပေးခြင်း
- စုပေါင်းညှိနှိုင်းဆွေးနွေးရာတွင် သမားရိုးကျ ပြဿနာများဖြစ်သော လုပ်ခလစာ၊ အလုပ်ချိန်၊ ကျွမ်းကျင်သင်တန်း၊လုပ်ငန်းခွင် ကျန်းမာရေး၊ လုံခြုံရေး နှင့် တန်းတူညီမျှ ဆက်ဆံရေးတို့ကို ဆောင်ရွက်နိုင်ပါသည်။

ယခုကဲ့သို့ ဆွေးနွေးခြင်းများ၏ ရည်ရွယ်ချက်မှာ အလုပ်ခန့်အပ်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကြား စုပေါင်းသဘောတူညီချက်တစ်ခု ရရှိစေရန်ဖြစ်ပါသည်။ စုပေါင်းသဘောတူညီချက်များသည် သဟဇာတရှိပြီး အကျိုးရှိသော လုပ်ငန်းခွင်များ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာအဖွဲ့အစည်းများ အကြား တာဝန်နှင့် ဝတ္တရားများကို ခွဲဝေနိုင်မည်ဖြစ်ပါသည်။ စုပေါင်းညှိနှိုင်းဆွေးနွေးခြင်းနှင့် စုပေါင်းသဘောတူညီချက်များတွင် အားလုံးပါဝင်လာအောင် မြှင့်တင်ခြင်းသည် မညီမျှမှုများကို လျှော့ချရန်နှင့် အလုပ်သမားများကို အကာအကွယ်ပေးရန် အဓိကကျပါသည်။

## ထွန်းလိုလူငယ်အလုပ်သမားတွေက အလုပ်အာမခံချက် ဘယ်လိုရှိမလဲ။

သင်ခန်းစာ ၅/၇

# အလုပ်အကိုင်ဖန်တီးမှုအတွက်မရှိမဖြစ်လိုအပ်သောအရာများ

## အလုပ်အာမခံချက်ရရှိရေး

ဖိုးဝ၊ နိုးနိုးနဲ့ မိုဟာမက်တို့ဟာ မြို့ထဲက ကျောင်းကောင်းကောင်းမှာ တက်ရတဲ့အတွက် ဝမ်းသာနေကြပါတယ်။









ကောင်းမွန်တဲ့ ပညာရေးစနစ်က ဖိုးဝ၊ နိုးနိုးနဲ့ မိုဟာမက်တို့ လူကြီးဖြစ်တဲ့အခါ အလုပ်ရဖို့ လိုအပ်တဲ့ အရည်အချင်းတွေကို သင်ကြားပေးနိုင်ပါတယ်။ ဆရာ၊ ဆရာမကောင်းတွေက အလုပ်အကိုင်ကောင်းတွေ ရရှိဖို့ လိုအပ်တဲ့ ပညာရေး၊ ကျွမ်းကျင်မှုနဲ့ ကိုယ်ရည်ကိုယ်သွေးတွေ တိုးတက်အောင် ကူညီပေးနိုင်ပါတယ်။

မြို့ပြဒေသမှာနေတဲ့အတွက်ကြောင့် ဖိုးဝ၊ နိုးနိုးနဲ့ မိုဟာမက်တို့က ကံကောင်းပြီး ကောင်းမွန်တဲ့ ပညာရေးစနစ်ကို ရရှိနေပါတယ်။ ဒါပေမဲ့ မြို့ပြနဲ့ ကျေးလက်ဒေသကြား ကြီးကြီးမားမားကွာဟချက်တွေ ရှိတဲ့အတွက် ကျေးလက်ဒေသက လူငယ်တွေက ပိုမိုနိမ့်ပါးတဲ့ ပညာရေးစနစ်နဲ့ နည်းပါးတဲ့ ပညာရေးသင်တန်းတွေကိုပဲ ရရှိနေပါတယ်။

## လက်ရှိစိန်ခေါ်မှုများ

မြို့ပြ၊ ကျေးလက်ကွာဟချက်များအပြင် နိုင်ငံအနှံ့လူငယ်အလုပ်သမားများအတွက် အလုပ်အကိုင်ဖန်တီးမှုနဲ့ စီးပွါးရေးမြှင့်တင်ရေးများတွင် စိန်ခေါ်မှုတွေ များစွာရှိနေပါသည်။

## အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေးကျောင်းများသင်ကြားခွင့်မရရှိခြင်း

အသက် ၁၈ နှစ်အောက် လူငယ်များအတွက် "နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း" ကို လက်လှမ်းမီနိုင်ရန် အကန့်အသတ်များ ရှိနေပါသည်။ မူလတန်းပညာရေး ပြီးဆုံးထားသော လူငယ်များသည် အလယ်တန်းတက်ရန်အတွက်သာ တတ်နိုင်ပြီး သို့မဟုတ်ပါက အသက် ၁၈ နှစ် ပြည့်သည့်အချိန်အထိ ကျွမ်းကျင်မှုမရှိသောအလုပ်သမားများဖြစ်လာမည်ဖြစ်ကာ နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့်လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းများတွင် တက်ရောက်ရန် စာရင်းပေးနိုင်မည်ဖြစ်ပါသည်။

## သင့်လျော်သော အလုပ်များကို ရှာဖွေရန် ခက်ခဲပါသည်။

စီးပွါးရေးမြှင့်တင်ခြင်းသည် လူငယ်များအတွက် အဓိကအရေးပါသော်ငြား လစာကောင်းပြီး သင့်လျော်သော အလုပ်များကို ရှာဖွေရာတွင် လူငယ်များသည် အခက်အခဲကြုံနေကြပါသည်။ အကြောင်းတရားများစွာရှိသော်လည်း ပညာရေးဆုံးခန်းတိုင်မှုသည် အဓိကအကျဆုံးဖြစ်ပါသည်။

## လေ့လာမှုမှတ်တိုင်

အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးမြှင့်တင်ရေးများ အမှန်တကယ်ဖြစ်ထွန်းလာရန်အတွက် ကလေးများသည် မည်သည့်လိင်ဖြစ်စေ၊ မည်သည့်လူမျိုးဖြစ်စေ၊ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ သင့်လျော်ပြီး အရည်အသွေးပြည့်ဝသော ပညာရေးနှင့် သင်တန်းများကို ရရှိနေကြောင်း သေချာအောင် ပြုလုပ်ရပါမည်။

**အခုဖော်ပြချက် မှန်းလား၊ မှားလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ (က) မှန်တယ်
- ☐ (ခ) မှားတယ်

သင်ခန်းစာ ၆/၇

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၇။ **လူငယ်အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းသော အလုပ် အကိုင်အခွင့်အလမ်းများ** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ် မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ ကံကောင်းပါစေ။

## မေးခွန်း ၁ / ၂

ဖြူဖြူက အသက် ၁၅ နှစ်ရှိပြီး နှစ်စကပဲ ရှစ်တန်းအောင်ထားပါတယ်။ သူမက အထက်တန်းဆက်တက်ပြီးရင် တက္ကသိုလ်ဆက်တက်ပြီး ဆရာဝန်တစ်ယောက် ဖြစ်လာဖို့ ရည်ရွယ်ထားတာပါ။

သူမနဲ့ သူမအမေက ဖြူဖြူရဲ့မောင်လေး ကျောင်းဆက်တက်နိုင်ဖို့ ဖြူဖြူအနေနဲ့ ကျောင်းထွက်ပြီး ပိုက်ဆံရှာသင့်ပြီလို့ ဆုံးဖြတ်လိုက်ကြပါတယ်။ သူမက အခု မနက်စာရောင်းတဲ့ စားသောက်ဆိုင်တစ်ခုမှာ ချက်၊ ပြုတ်၊ သန့်ရှင်းရေးနဲ့ စားပွဲထိုး လုပ်နေပါတယ်။ သူမက အလုပ်ကို မနက် ၅ နာရီရောက်ဖို့ အိမ်ကနေ ၄ နာရီလောက် ထွက်ရပါတယ်။

သူမရဲ့ သူဌေးက သဘောကောင်းပြီး အလုပ်ကလွယ်ကူသလို လစာကလည်း ကောင်းပါတယ်။ ဒါပေမဲ့ သူမက မနက်အစောကြီး အလုပ်သွားရတာ မလုံခြုံဘူး လို့ ခံစားရပါတယ်။ ပြီးတော့ ကျောင်းဆက်မတက်ရတဲ့အတွက်ရော ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ကို လက်လွှတ်လိုက်ရတဲ့အတွက်ရော စိတ်မ ကောင်းဖြစ်နေပါတယ်။

**လူငယ်အလုပ်သမားတစ်ယောက်အနေနဲ့ ဖြူဖြူ ဘာတွေဆက်လုပ်ရမလဲ။**

သင့်လျော်သောအဖြေများကို ရွေးချယ်ပါ။

- ☐ (က) ဖြူဖြူက ကလေးအလုပ်သမားတစ်ယောက်ဖြစ်တဲ့အတွက် အလုပ်ကနေ ချက်ချင်းထွက်ရပါမယ်။
- ☐ (ခ) ဖြူဖြူအလုပ်က ဘေးဥပါဒ်အန္တရာယ်များတဲ့အတွက် သူမကို ကာကွယ်ပေးရပါမယ်။ ဖြူဖြူအလုပ်ပတ်ဝန်းကျင်က ဘေးဥပါဒ်အန္တရာယ်များပြီး သူမရဲ့ အလုပ်လုပ်ချိန်ကို ပြောင်းပေးရပါမယ်။

## မေးခွန်း ၂/ ၂

အောင် က အသက် ၁၃ နှစ်အရွယ် ငါးတန်းကျောင်းသားလေးပါ။ ကျောင်းဆင်းချိန်၊ ရုံးပိတ်ရက်တွေနဲ့ ကျောင်းအားလပ်ရက်တွေမှာ သူတို့မိသားစုပိုင် စပါးခင်းမှာ သူ့အဖေနဲ့ အတူကူလုပ်ပါတယ်။ သူက စပါးစိုက်ဖို့ ကူညီပေးပြီး မိသားစုပိုင် ကျွဲတွေကိုလည်း ကျောင်းပေးပါတယ်။ စပါးစိုက်ရတာနဲ့ ကျွဲနို့ညှစ်ရတာက သူ့ဝါသနာပါ။

အောင်က အသက်ကြီးလာရင် လယ်သမားကြီးဖြစ်ချင်တာပါ။ အောင်က တချို့လယ်သမားတွေ သူတို့လယ်ကွင်းတွေမှာ အခြားစိုက်ပျိုးသီးနှံတွေ စိုက်ပျိုးပြီး ဝင်ငွေရနေတာကိုမြင်တွေ့ထားပြီး သူ့အဖေကိုလည်းဝင်ငွေပိုရဖို့  အဲဒီစိုက်ပျိုးသီးနှံတွေ စိုက်ပျိုးဖို့ မိတ်ဆက်ပေးချင်နေပါတယ်။

တကယ်တော့ အောင်က ကျောင်းစာလုပ်ရတာလည်း ပျင်းပြီး လယ်ကွင်းထဲမှာသာ အလုပ်လုပ်ချင်နေတာပါ။ သူ့မိဘတွေက သူ့ကို အခြေခံပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားပြီး ဥပဒေအရ ခွင့်ပြုထားတဲ့ အသက် ၁၅ နှစ် မပြည့်မချင်း အလုပ်မလုပ်စေချင်ပါဘူး။ နောက်ပြီး ကျောင်းပြီးအောင် တက်ထားတာက သူ တကယ်လယ်သမားကြီး ဖြစ်လာတဲ့အခါ အသုံးဝင်နိုင်ပါတယ်။

အောင်၏အခြေအနေနှင့်ပတ်သက်၍ အောက်ဖော်ပြပါ စကားများတွင် မည့်သည့်စကားမှန်ကန်ပါသနည်း။

သင့်လျော်သောအဖြေများကို ရွေးချယ်ပါ။

- ☐ (က) အောင်၏မိဘတွေဆုံးဖြတ်တာ မှန်ပါတယ်။ ဥပဒေအရ အသက် ၁၅ နှစ်အောက်အရွယ် ကလေးတွေဟာ အချိန်ပြည့်အလုပ်လုပ်ခွင့် မရှိပါဘူး။ ပြီးတော့ မသင်မနေရပညာရေး( ၅ တန်းအထိ) ကို ပြီးမြောက်အောင် တက်ထားသင့်ပါတယ်။
- ☐ (ခ) အောင်က အခုလည်း ပေါ့ပါးတဲ့အလုပ် လုပ်နေတာဖြစ်ပြီး ပညာရေးကိုလည်း မထိခိုက်တဲ့အတွက် စိတ်ပူစရာမရှိပါဘူး။
- ☐ (ဂ) လယ်ထဲမှာ အလုပ်လုပ်ရတာ အန္တရာယ်များတဲ့အတွက် အောင့်အနေနဲ့ အသက် ၁၈ နှစ် မပြည့်မချင်း လယ်အလုပ် မလုပ်သင့်ပါဘူး။

သင်ခန်းစာ ၇/၇

# ▶ အနှစ်ချုပ်

ယခုသင်ခန်းစာကို သင်မပိတ်မီ အောက်ဖော်ပြပါများသည် သင်လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်ပါသည်။

အလုပ်သမားရေးရာဥပဒေသည် လူငယ်အလုပ်သမားများကို အကာအကွယ်ပေးပါသည်။

- အသက် ၁၄ နှစ် ပြည့်ပြီးပါက တရားဝင်အလုပ်လုပ်နိုင်ရန် မသင်မနေရပညာရေးကာလ ပြီးဆုံးထားခြင်း ရှိမရှိ အလုပ်ရှင်မှ စစ်ဆေးခြင်း
- အသက်(၁၄)နှစ်နှင့်အထက် အလုပ်လုပ်ရန် ကြံ့ခိုင်မှုလုံလောက်ကြောင်း ထောက်ခံချက်ရှိပါက အလုပ်လုပ်ရန် ခွင့်ပြုခြင်း
- ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ထိခိုက်စေနိုင်သော ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းခွင်များမှ ကာကွယ်ပေးခြင်း

လူငယ်များအတွက် လုပ်ငန်းခွင်အားအကျိုးဖြစ်ထွန်းစေရန် ဘေးကင်းလုံခြုံပြီး အကျိုးဖြစ်ထွန်းသော အလုပ်အကိုင်အခွင့်အလမ်းများမှာ

- တည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသော အလုပ်သမားအင်အားထုကို ဆွဲဆောင် ထိန်းသိမ်းရန်
- စွမ်းဆောင်ရည်မြင့်ပြီး စီးပွါးရေးပိုမိုတိုးတက်စေရန်
- အသိုင်းအဝိုင်းများအတွင်းနှင့် ဈေးကွက်ထဲတွင် နာမည်ကောင်းရပြီး စီးပွါးရေးလည်ပတ်မှုပိုမိုကောင်းမွန်ကာ ဝင်ငွေတိုးစေရန် အကူအညီပေးနိုင်ပါသည်။

အလုပ်အကိုင်ဖန်တီးမှုနှင့် စီးပွါးရေးမြှင့်တင်ရေးများတွင် စိန်ခေါ်မှုများ

- ကျေးလက်ဒေသများမှ လူငယ်များသည် မြို့ပြလူငယ်များနှင့် ယှဉ်လျှင် ပိုမိုနည်းပါးသည့် ပညာရေးစနစ်နှင့် လေ့ကျင့်ရေးကျောင်းများကို ရရှိနေပါသည်။
- အသက် ၁၈ နှစ်အောက် လူငယ်များသည် နည်းပညာဆိုင်ရာပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားနိုင်ဖို့ အကန့်အသတ်များ ရှိနေပါသည်။
- ကျေးလက်ဒေသများသို့အလုပ်သမား ဈေးကွက်ချဲ့ထွင်ခြင်းသည် ပြည်တွင်း၊ ပြည်ပရွှေ့ပြောင်းအလုပ်သမားပြဿနာများကို လျှော့ချရန်ဖြစ်ပါသည်။
- မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုစလုံးတွင် လူငယ်များအတွက် ကျောင်းပြင်ပပညာရေးနှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေးကျောင်းများ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- ILO Minimum Age Convention, 1973 (No. 138)
- ILO Worst Forms of Child Labour Convention, 1999 (No. 182)
- ILO Worst Forms of Child Labour Recommendation, 1999 (No. 190)
- ILO. 2020. *Assessment of Vulnerable Youth Economic Integration Opportunities in Myanmar.*
- ILO. n.d. “Child Labour and Education”, available at: https://www.ilo.org/ipec/Action/Education/lang--en/index.htm.


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့ မျှော်လင့်ပါသည်။**
**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**
**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၄

ဥပဒေက ကလေးများကို ကလေးအလုပ်သမားအရေးမှ မည်ကဲ့သို့ အကာအကွယ်ပေးပါသလဲ။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

မြန်မာနိုင်ငံဥပဒေများအရ အသက် ၁၄ နှစ်အရွယ် ကလေးများသည် မသင်မနေရ မူလတန်းပညာရေး ပြီးဆုံးပါက ဘေးအန္တရာယ်ကင်းသော လုပ်ငန်းခွင်များတွင် တရားဝင် အလုပ်လုပ်နိုင်ပြီး အသက် ၁၈ နှစ်ပြည့်ပြီးမှသာ ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်နိုင်မည်ဖြစ်ပါသည်။ ကလေးများသည် ဘေးအန္တရာယ်ရှိသော အလုပ်နှင့် အလုပ်ချိန်ပိုကြာအောင် လုပ်ဆောင်ရန် ခွင့်ပြုချက်ရထားသော်လည်း အရွယ်ရောက်ပြီးသူများကဲ့သို့ အလုပ်လုပ်ရန် မလိုအပ်ပါ။

သင်ခန်းစာ (၃)၊ စာမျက်နှာ ၆

## လေ့လာမှုမှတ်တိုင်

ကျော်ကျော်က ဘယ်ဥပဒေတွေနဲ့ မင်းမင်းကို ကာကွယ်ပေးနိုင်မလဲ။

ရွေးချယ်စရာများထဲက (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

မြန်မာနိုင်ငံဥပဒေများအရ ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းခွင်များမှာ အလုပ်လုပ်ဖို့ မင်းမင်းအနေနဲ့ အသက် ၁၈ နှစ် ပြည့်ပြီးဖို့လိုအပ်ပါတယ်။ သူက အလုပ်လုပ်နိုင်တဲ့အနိမ့်ဆုံးအသက်အရွယ်အောက်ငယ်ရွယ်နေပြီးတော့ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း မြောက်တဲ့ ဘေးဥပါဒ်အန္တရာယ်ရှိတဲ့အလုပ်တွေကို လုပ်နေရပါတယ်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၂

## လေ့လာမှုမှတ်တိုင်

အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးမြှင့်တင်ရေးများ အမှန်တကယ်ဖြစ်ထွန်းလာရန်အတွက် ကလေးများသည် မည်သည့်လိင်ဖြစ်စေ၊ မည်သည့်လူမျိုးဖြစ်စေ၊ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ သင့်လျော်ပြီး အရည်အသွေးပြည့်ဝသော ပညာရေးနှင့် သင်တန်းများကို ရရှိနေကြောင်း သေချာအောင် ပြုလုပ်ရပါမည်။

အထက်ဖော်ပြချက် မှန်လား၊ မှားလား။

အဖြေ (မှန်)ကို ရွေးခဲ့လျှင် သင့်အဖြေ မှန်ကန်ပါသည်။

အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးမြှင့်တင်ရေးများ အမှန်တကယ်ဖြစ်ထွန်းလာရေးအတွက် ကလေးများ အားလုံးသည် သင့်လျော်ပြီး အရည်အသွေးပြည့်ဝသော ပညာရေးနှင့် သင်တန်းများကို ရရှိနေကြောင်း သေချာအောင် ပြုလုပ်ရပါမည်။

သင်ခန်းစာ (၆)၊ စာမျက်နှာ ၁၃

# မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၂

လူငယ်အလုပ်သမားတစ်ယောက်အနေနဲ့ ဖြူဖြူ ဘာတွေဆက်လုပ်ရမလဲ။

ရွေးချယ်စရာများထဲက (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အောင်က ကျောင်းလည်း တက်နေပြီး သူ့အဖေကို ကူရင်း လယ်သမားကြီးဖြစ်လာဖို့ လေ့လာသင်ယူနေသည်မှာ ကောင်းသော အချက်ဖြစ်ပါသည်။ လယ်စိုက်ခြင်းကို အမှန်တကယ် စိတ်ဝင်စားပြီး အကြံဉာဏ်ကောင်းများလည်း ရှိပါသည်။ သို့သော် သူ့အနေနှင့် လယ်စိုက်ခြင်းနှင့် ပညာရေးနှစ်ခုစလုံးတွင် အခြေခံကျွမ်းကျင်မှုများ တတ်မြောက်ရန် လိုအပ်ပါသည်။ သူ့လယ်အလုပ်သည် ကျောင်းပညာရေးကို မနှောင့်ယှက်သင့်ပါ။ ထို့အပြင် သူသည် အိမ်စာလုပ်ရန်နှင့် အနားယူရန် အချိန်လုံလုံလောက်လောက် ရသင့်ပါသည်။ သူသည် အသက် ၁၈ နှစ် မပြည့်သေးသောကြောင့် ဘေးဥပါဒ်အန္တရာယ်ရှိသောအရာများ (ဥပမာ လယ်ကွင်းထဲတွင် ပိုးသတ်ဆေးကို ကိုယ်တိုင်သုံးခြင်း) နှင့် ထိတွေ့ခြင်းမရှိအောင် ကာကွယ်ပေးရပါမည်။ သို့သော် ပိုးသတ်ဆေးအသုံးပြုခြင်းနှင့် အခြားအန္တရာယ်ရှိသော အလုပ်များကို အသက် ၁၈ နှစ် မပြည့်ခင် လယ်ယာသင်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ပါသည်။

မေးခွန်း ၂/၂

အောင်၏အခြေအနေနှင့် ပတ်သက်၍ အောက်ဖော်ပြပါ စကားများတွင် မည်သည့်စကားမှန်ကန်ပါသနည်း။

ရွေးချယ်စရာများထဲက (က) နှင့် (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အောင်က ကျောင်းလည်း တက်နေပြီး သူ့အဖေကို ကူရင်း လယ်သမားကြီးဖြစ်လာဖို့ လေ့လာသင်ယူနေသည်မှာ ကောင်းသော အချက်ဖြစ်ပါသည်။ လယ်စိုက်ခြင်းကို အမှန်တကယ် စိတ်ဝင်စားပြီး အကြံဉာဏ်ကောင်းများလည်း ရှိပါသည်။ သို့သော် သူ့အနေနှင့် လယ်စိုက်ခြင်းနှင့် ပညာရေးနှစ်ခုစလုံးတွင် အခြေခံကျွမ်းကျင်မှုများ တတ်မြောက်ရန် လိုအပ်ပါသည်။ သူ့လယ်အလုပ်သည် ကျောင်းပညာရေးကို မနှောင့်ယှက်သင့်ပါ။ ထို့အပြင် သူသည် အိမ်စာလုပ်ရန်နှင့် အနားယူရန် အချိန်လုံလုံလောက်လောက် ရသင့်ပါသည်။ သူသည် အသက် ၁၈ နှစ် မပြည့်သေးသောကြောင့် ဘေးဥပါဒ်အန္တရာယ်ရှိသောအရာများ (ဥပမာ လယ်ကွင်းထဲတွင် ပိုးသတ်ဆေးကို ကိုယ်တိုင်သုံးခြင်း) နှင့် ထိတွေ့ခြင်းမရှိအောင် ကာကွယ်ပေးရပါမည်။ သို့သော် ပိုးသတ်ဆေးအသုံးပြုခြင်းနှင့် အခြားအန္တရာယ်ရှိသော အလုပ်များကို အသက် ၁၈ နှစ် မပြည့်ခင် လယ်ယာသင်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ပါသည်။

# မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

## ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့် အတူ ဆန့်ကျင်တိုက်ဖျက်ရန် အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့် အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။ "မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်" သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။

ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများ အပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။ သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦးအဖြစ်ရှိနေပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039016-0

9 789220 390160 >